(၂) **ဖားဥမှိုရောဂါ (Powdery mildew)**

**ရောဂါဖြစ်စေသက်ရှိ-** *Oidium mangiferae* Berthet

ရောဂါလက္ခဏာများ

အရွက်ပေါ်တွင်အဖြူ(သို့)မီးခိုးရောင်မှိုမှုင်ကွက်များဖြစ်ပေါ်သည်။ ရောဂါပြင်းထန် ပါက အရွက်တစ်ခုလုံးအညိုရောင်ပြောင်းသွားပြီးတွန့်လိမ်၍ ခြောက်သွားသည်။ ပန်းခိုင်ပေါ်တွင် ရောဂါကျ ရောက်ပါက အဖြူရောင်၊ မီးခိုးရောင်/အဖြူရောင် အမှုန့် များကပ် နေသည်ကို တွေ့ရသည်။ ရောဂါပြင်းထန်ပါက အရွက်၊ အညွှန့်၊ ပန်းခိုင်များ တွန့်လိမ်ခြောက်သွားပြီး အညွှန့်များ မဲခြောက်သွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ပန်းခိုင်ထွက်ပြီးချိန်နှင့် သီးကင်းဝင်ချိန်တို့တွင်ဆေးဖျန်းပါ။
- Sulfur ပါဝင်သောဆေး၊ Chlorothalonil (ကလိုရိုသာလိုနေး)၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Kresoxim Methyl (ကရီဆိုဇင်မ် မီသိုင်း)၊Tebuconazole (တက်ဗျူကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး) စသောမှို သတ်ဆေး များဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်ပါသည်။

- Sulphur ပါသောဆေးသည် ဤရောဂါကိုနှိမ်နင်းနိုင်သော်လည်း အပူချိန်မြင့် သောအချိန်တွင် ဆေးဖျန်းပါက ပန်းခိုင်နှင့်သီးကင်းများကို လောင်စေသဖြင့် သတိထားသုံးစွဲသင့်ပါသည်။